ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၂၉/၂၀၂၂

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၅.၈.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)/Spaceflight(၈/၁၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်း လေယာဉ်မှုူးသတိပေးလွှာထုတ်ပြန်ရေးရုံးမှ ၉.၈.၂၀၂၂ ရက်နေ့ (၀၈:၄၃) နာရီအချိန်တွင် Aerospace Flight လှုပ်ရှားမှုကိစ္စနှင့်ပတ်သက်၍ သတိပေးချက် (ကြေးနန်းစာ)ကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့အကြောင်းကြားလာသောစာအရ အာကာသယာဉ်၏ လှုပ်ရှားမှု (Aerospace Flight Activities) သည် (၃.၉.၂၀၂၂) ရက်နေ့မှ (၁၀.၉.၂၀၂၂) ရက်နေ့အထိ နံနက် (၀၄:၃၀) နာရီအချိန်မှ (၀၈:၃၀)နာရီအချိန်အတွင်း ဖြစ်နိုင်ခြေရှိကြောင်း၊ မြေပြင်မှ အမြင့်ပေ အကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ သက်ရောက်နိုင်မည့်ဧရိယာကို အောက်ဖော်ပြပါအတိုင်း သတိပေးအကြောင်းကြားလာပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 16° 08′ 00" N | 093° 28′ 00" E |
| B | 16° 15′ 00" N | 092° 55′ 00" E |
| C | 17° 08′ 00" N | 093° 07′ 00" E |
| D | 17° 01′ 00" N | 093° 40′ 00" E |

၂။ အဆိုပါ သက်ရောက်မည့်ဧရိယာမှာ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၁၀၇) မိုင်ခန့်၊ သံတွဲလေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၉၃) မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်မြောက်ဘက် ရေမိုင် (၆၄) မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော် အတွင်းတွင် ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်မည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ** ဖြင့် ဖော်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (၃.၉.၂၀၂၂) ရက်နေ့မှ (၁၀.၉.၂၀၂၂) ရက်နေ့အတွင်းတွင် နံနက် (၀၄:၃၀) နာရီအချိန်မှ (၀၈:၃၀) နာရီအချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများအတွင်း၌ Aerospace Flight အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်

စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွား ရေယာဉ်များနှင့်စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရေးအတွက် ရေကြောင်းသတိ ပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)